**MYANMAR  AGRO EXCHANGE PUBLIC COMPANY LIMITED**

# HEALTH AND SAFETY POLICY

## HEALTH & SAFETY POLICY

MAEX and its subsidiary companies are committed to achieving high quality and high standards throughout the business. The management of the health and safety is an integral part of this. The main intention of Health and Safety Policy is to avoid injuries, occupational illness and accidental damage to the property as well as to the individuals by means of cautionary measures, preparedness and prevention. The contribution of each and every employee shall be valued as an essential part of improved health and safety performance.

MAEX have implemented Health and Safety Policy to;

- Foster greater awareness of sustainable approaches across the company;
- Enhance its capabilities to identify and manage adverse impacts from all business activities; and
- Instill a culture of 'no harm, less pollution and wider conservation approaches to protect the environment' in all business operations

Towards this end, in line with the national environmental policies and other applicable laws, to safeguard the environment, MAEX shall:

I. Take all reasonably practicable steps to provide and maintain for all employees a safe and healthy working environment.
II. Ensure of its products, services and activities do not put at risk the health and safety of its customers and the general public.
III. Incorporating environmental and social considerations into business strategy, and allocate adequate resources to manage health and safety risks associated with operations;
IV. Promoting a safe, clean and healthy environment and better work culture to minimise any adverse environment, health, safety and social impacts arising out of operations;
V. Establishing health and safety system and processes to adhere to and comply with applicable legislation, regulations and other requirements pertaining to environment, health, safety, labour and community at large;
VI. Communicating this health and safety policy to all employees, contractors, suppliers and business partners. This health and safety policy will be disseminated to all employees, contractors, suppliers and business partners

Priority equal to other statutory duties shall be given to the discharge of health and safety responsibilities.MAEX shall encourage all employees to work safely and shall provide such information, instruction, training and supervision as is reasonably necessary to enable them to do so.

MAEX shall provide occupational health, safety and welfare services as appropriate for discharging these obligations.

Companies within MAEX shall adopt these principles and comply with the appropriate local legal requirements. Executive Director/Chief Executives at each appropriate

organizational level will provide written or oral statements on health and safety, as and when required, detailing the relevant organizational arrangements in their business areas.

It is the responsibility of the Group CEO to ensure that this policy is implemented and monitored.

## ကျန်းမာရေးနှင့် လုံခြုံရေး မူဝါဒ

MAEX နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီများသည် စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာတွင် အမြင့်ဆုံး အရည်အသွေးနှင့် စံချိန်စံညွှန်းများရရှိရန် ကတိပြုပါသည်။ ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုသည်လည်း အစိတ်အပိုင်းတစ်ရပ်အဖြစ်ပါဝင်ပါသည်။ ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ မူဝါဒ၏ အဓိက ရည်ရွယ်ချက်သည် သတိပြုစေခြင်း၊ ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်းမှ တစ်ဆင့် ထိခိုက်ဒဏ်ရာရရှိခြင်း၊ လုပ်ငန်းခွင် ဖျားနာမှုနှင့် လုပ်ငန်းခွင်အတွင်း လူနှင့် ပစ္စည်းများ မတော်တဆဖြစ်မှုမှ ရှောင်ရှားနိုင်စေရန် ဖြစ်ပါသည်။ ဝန်ထမ်း တစ်ဦးတစ်ယောက်ချင်းနှင့် ဝန်ထမ်းအားလုံး၏ ပူးပေါင်းပါဝင်အားဖြည့်ခြင်းအား ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ အရေးပါသည့် စွမ်းဆောင်ရည်တိုးတက်လာစေရေးအတွက် မရှိမဖြစ် လိုအပ်သည့် အစိတ်အပိုင်းတစ်ရပ်အဖြစ် တန်ဖိုးထားပါသည်။

MAEXသည် ကျန်းမာရေးနှင့်လုံခြုံရေးမူဝါဒကို

- ရေရှည်မျှော်မှန်းသည့် နည်းလမ်းကို ကုမ္ပဏီတစ်ခုလုံးလိုက်နာကျင့်သုံးရန်
- စီးပွားရေးလုပ်ငန်းအပေါ် အဆိုးအားဖြင့် အကျိုးသက်ရောက်မှုများကို ရွေးချယ်ထောက်ပြပြီး စီမံခန့်ခွဲနိုင်စေရေးအတွက် ၎င်း၏ လုပ်ကိုင်နိုင်စွမ်းအား တိုးတက်စေရန်
- "အန္တရာယ်မရှိစေရ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု လျှော့ချနိုင်ရမည်။ ဘဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရမည်။" ဟူသော အမူအကျင့်ကို လုပ်ငန်းအားလုံးတွင် ကျင့်သုံး စေရန်

အဆိုပါ ပန်းတိုင်သို့ ရောက်ရှိရန် MAEX သည်

(၁) ဓမ္မဓိဋ္ဌာန်ကျကျ လက်တွေ့ကျင့်သုံးနိုင်မည့် အဆင့်အားလုံးကို ချမှတ်၍ ဝန်ထမ်းအားလုံး အတွက် ကျန်းမာ၍ လုံခြုံစိတ်ချရသည့် ပတ်ဝန်းကျင်တစ်ရပ်ဖြစ်စေရေး ထိန်းသိမ်း၊ ဖြည့်ဆည်းပေးရန်

(၂) မိမိတို့၏ ထုတ်ကုန်များ၊ ဝန်ဆောင်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုများကြောင့် မိမိတို့၏ ဖောက်သည်များနှင့် အများပြည်သူတို့ အပေါ်တွင် ကျန်းမာရေးနှင့် လုံခြုံရေးအရ ဆုံးရှုံးမှုများ မဖြစ်စေကြောင်းကို သေချာစေရန်

(၃) စီးပွားရေးမဟာဗျူဟာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ရေးကို ထည့်သွင်းစဉ်းစားပြီး လုံလောက်သော အရင်းအမြစ်များကို ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ ဆုံးရှုံးနိုင်ချေများအတွက် စီမံထားပေးရန်

(၄) မကောင်းသော လုပ်ငန်းခွင်၊ ကျန်းမာရေး၊ လုံခြုံရေးနှင့် လူမှုရေးထိခိုက်မှုများ မရှိစေရန် လုံခြုံသန့်ရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သော လုပ်ငန်းခွင် ယဉ်ကျေးမှုကို အားပေးမြှင့်တင်ရန်

(၅) လုပ်ငန်းခွင် ကျန်းမာရေး၊ လုံခြုံရေး၊ လုပ်သားနှင့် အဖွဲ့အစည်းတို့၏ ကျန်းမာရေးနှင့် လုံခြုံရေး နည်းစနစ်များကို တည်ဆဲ နည်းဥပဒေ၊ ညွှန်ကြားချက်နှင့် အခြားလိုအပ်ချက်များအတိုင်း ဆောင်ရွက်ထားရှိရန်

(၆) ကျန်းမာရေးနှင့် လုံခြုံရေးမူဝါဒကို ဝန်ထမ်းများ၊ ကန်ထရိုက်တာများ၊ ပစ္စည်း ပေးသွင်းသူများနှင့် လုပ်ငန်းပါတနာများကို ဆက်သွယ်ဖြန့်ဝေထားရမည်။

ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ တာဝန်များအား အခြားပြဌာန်းထားသည့် တာဝန်များနည်းတူ တန်းတူ ဦးစားပေး ဆောင်ရွက်ရန်

MAEX သည် ဝန်ထမ်းအားလုံး လုံခြုံစွာ လုပ်ငန်းဆောင်ရွက်ရန် အားပေးခြင်းနှင့် ထိုသို့ဆောင်ရွက် နိုင်ရန် လိုအပ်သည့် သတင်းအချက်အလက်ပေးခြင်း၊ ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊ လေ့ကျင့် သင်တန်းပေးခြင်း နှင့် ကြီးကြပ်ခြင်းများကို သင့်တော်သလို ဆောင်ရွက်ပေးရမည်။

MAEX သည် အဆိုပါ တာဝန်ရှိမှုများအား အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းခွင် ကျန်းမာရေး၊ လုံခြုံရေးနှင့် သာယာဝပြောရေးဆိုင်ရာ ဝန်ဆောင်မှုများအား သင့်တော်သလို ဖြည့်ဆည်း ပေးရမည်။

MAEX ၏ လက်အောက်ခံ ကုမ္ပဏီများသည် အဆိုပါ အခြေခံမူများအား ချမှတ်ရန်နှင့် သင့်လျော်သည့် ဥပဒေဆိုင်ရာ လိုအပ်ချက်များနှင့် ညီညွတ်မှုရှိစေရမည်။ အဖွဲ့အစည်း အသီးသီးရှိ အမှုဆောင် ဒါရိုက်တာ/အရာရှိချုပ် များသည် ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စများနှင့် စပ်လျဥ်း၍ ထုတ်ပြန်ချက်များအား စာဖြင့် ရေးသား၍ လည်းကောင်း၊ နှုတ်ဖြင့် ညွှန်ကြားခြင်းဖြင့် လည်ကောင်း ပြုလုပ်နိုင်သည် လိုအပ်ပါက ၎င်းတို့၏ စီးပွားရေးလုပ်ငန်း ဆောင်ရွက်နေသည့် နယ်ပယ်ရှိ အဖွဲ့အစည်းအလိုက် အသေးစိတ် ပြင်ဆင်မှုများ ပြုလုပ်နိုင်သည်။

ကုမ္ပဏီများအုပ်စု၏ အမှုဆောင်အရာရှိချုပ်သည် အထက်ပါ မူဝါဒအား အကောင်အထည် ဖော်ရန်နှင့် စောင့်ကြည့် ကွပ်ကဲရန် တာဝန်ရှိသည်။